# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၃ -၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်း

# ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

(၂၀၁၃ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၉ ။ )

၁၃၇၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ် ၊ မတ် လ ၃၁ ရက် )

## နိဒါန်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေ** ဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် ဒေသန္တရစီမံကိန်း ဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်မျှတိုးတက်ရမည့်ဆိုသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်မျှဖွံ့ဖြိုး တိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **အခြေခံနှစ်** ဆိုသည်မှာ နှစ်စဉ်တိုးတက်မှု အခြေအနေများကို နှိုင်းယှဉ် နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) နှစ်အလိုက်ဈေးနှုန်း ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

# အခန်း (၂)
# စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးအတွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာဘဏ္ဍာတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးဘဏ္ဍာတွင် ၁၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက် ရှိသဖြင့် သစ်တောကဏ္ဍတွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇. ၈ ရာခိုင်နှုန်းလျော့နည်း ဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၅၆. ၂ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၀၁. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၉. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၁၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၆. ၆ ရာခိုင်နှုန်းမှ ၄၄. ၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅. ၅ ရာခိုင်နှုန်းမှ၂၆. ၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇. ၉ ရာခိုင်နှုန်းမှ ၂၈. ၇ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တရားဝင် လူဦးရေစာရင်းအင်းဖြင့် တွက်ချက်ထားသော လူတစ်ဦး၏ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP)မှာ ကျပ် ၈၅၉၃၀၀ မှ ကျပ် ၉၆၄၁၆၄ သို့ ဖြစ်ပေါ်လာစေရန်၊

## အခန်း(၃)
## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ရေမြေဒေသအခြေအနေနှင့် ကိုက်ညီပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်သုံးစွဲစိုက်ပျိုးရေးကို ဆောင်ရွက်ရေး၊

(ခခ) တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေး နည်းပညာများ လေ့ကျင့်ပညာပေးခြင်း၊ စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ စိုက်ပျိုးရေးဘာသာရပ်အား တိုးချဲ့သင်ကြားပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရေး၊

(ဂဂ) လယ်ယာကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက်စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ (Research and Development) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ဃဃ) တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး၊

(ငင) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံ သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရန် ကူညီဆောင်ရွက်ရေး၊

(စစ) သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ကုန်ကျစရိတ် လျှော့နည်းရေး၊ အရည်အသွေးမြင့်မားရေး၊ စျေးကွက်ခိုင်မာရေးနှင့် စျေးကွက်စီးပွားရေး စနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးတို့ကို ကူညီဆောင်ရွက်ရေး၊

(ဆဆ) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေး အားပေးဆောင်ရွက်ရန်၊

(ဇဇ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုသွားရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို တိုးချဲ့ဆောင်ရွက်ရန်၊

(ခခ) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စပ်မျိုးစပါး၊ စပ်မျိုးနေကြာအပါအဝင် အဓိကသီးနှံများတွင် အထူးအထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊

(ဂဂ) စက်မှုလယ်ယာစနစ် လယ်ယာမြေကွက် (Mechanized Farm) များကို ဆက်လက် တိုးချဲ့ဖော်ထုတ်ရန်၊

(ဃဃ) တည်ဆောက်ပြီးရေလှောင်ဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင် စသည့် ရေရရှိရေးလုပ်ငန်းများ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ငင) ရေလှောင်ဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင် စသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများပြည့်မီရေး စနစ်တကျ ဆောင်ရွက်ရန်၊

(စစ) စိုက်ပျိုးရေး ဒီပလိုမာ ဘွဲ့ရများ လေ့ကျင့်မွေးထုတ်ရန်၊

(ဆဆ) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(ဇဇ) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) မြေကြီး၊ မြေပုံနှင့်မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူ

တစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်း ကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ရန်၊

(ခခ) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအတွင်း ဧက(၅၀) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဌာနအစီအစဉ်နှင့် တိုင်းဒေသကြီး၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားရန်၊

(ဂဂ) ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်း(၄)ခုကို ရန်ပုံငွေကျပ် (၁၁၄၂၅)သန်းဖြင့် အကျိုးပြု ဧက (၁၄၈၀၀) ရရှိရန် ဆောင်ရွက်ရန်၊

(ဃဃ) ဖြည့်စွက်လုပ်ငန်းစီမံကိန်း(၁၀)ခုကို မူလဆည်ရေသောက်ဧရိယာ ဧက (၄၀၆၂၄)ကို ရေသေချာစေမည် ဖြစ်သည့်အပြင် ခရိုင်ချင်းဆက်လမ်းများ ရေတိုက်စားမှုမှ ကာကွယ်ခြင်း၊ ဒေသနေပြည်သူများ သောက်သုံးရေ ရရှိရေးတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပြီး ရေဘေးကာကွယ်ဧရိယာ ဧက (၄၂၁၄၆)ကို အကျိုးပြုနိုင်ရန်၊

(ငင) လုပ်ငန်းစီမံကိန်းသစ်များအနေဖြင့် စီမံကိန်းသစ်(၂)ခုနှင့် တူးမြောင်းများ ခေတ်မီ အောင်ပြန်လည် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းအပါအဝင် စုစုပေါင်း(၃)ခုကို ဆောင်ရွက်ရန်၊ အဆိုပါစီမံကိန်းသစ်(၂)ခုမှ ရေပေးဝေနိုင်မည့် ဧရိယာ (၇၈၅၀၀)ဧကကို အကျိုးပြုနိုင်ရန်နှင့် ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်းအားဖြင့် လက်ရှိဆည်ရေ ပေးဝေနေသော လယ်မြေဧရိယာ (၅၂၆၂၃)ဧကကို ဆည်ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊

(စစ) မြစ်ရေတင်လုပ်ငန်းအနေဖြင့် လျှပ်စစ်/ဒီဇယ်မြစ်ရေတင်လုပ်ငန်း(၆၂)ခုမှ အကျိုးပြု ဧက (၁၂၇၂၄၈)ကို ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊

(ဆဆ) မြေအောက်ရေရရှိရေးလုပ်ငန်းတွင် မုံရွာခရိုင် အတွင်းရှိ မြေအောက်ရေ လျှပ်စစ်စက်ဝိုင်းများမှ အကျိုးပြု ဧက (၁၅၇၁၀)၊ (၉၉) ကန်ရေ လျှံတွင်းများမှ အကျိုးပြု ဧက (၈၁၈၁)၊ အရာတော်ဒေသ တူးဖော်ပြီး ရေလျှံတွင်းများမှ (၁၃၂၅)ဧကနှင့် ကလေးရေလျှံတွင်းများမှ (၃၀၀)ဧက စုစုပေါင်း အကျိုးပြုဧက (၂၅၅၁၆)အား ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊

(ဇဇ) စက်မှုလယ်ယာ စနစ်တကျ လယ်ကွက်များကို မြင်းမူ၊ ရွှေဘို၊ ဝက်လက်မြို့နယ်များတွင် ဧက(၁၀၀)စီဖြင့် စုစုပေါင်းဧက (၃၀၀) ဖော်ထုတ်ရန်၊

(ဈဈ) စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဒီပလိုမာဘွဲ့ (၅၅)ဦး မွေးထုတ်ရန်၊

(ညည) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ မြေတိုင်းပညာရပ် လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဋဋ) စိုက်ပျိုးရေးစရိတ်ငွေကြေး ကျပ်(၅၈၇၀၀)သန်း ထုတ်ချေးရန်။

၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မွေးမြူရေးနှင့် ရေလုပ်ငန်း

(၁) မူဝါဒမှာ ငါးနှစ်စီမံကိန်း မူဝါဒများအရ သတ်မှတ်ထားသည့် စီမံကိန်း တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) စီမံကိန်းကာလအတွင်း အသားထုတ်လုပ်မှုကို ၁၂.၃% တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခခ) သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုံမှန်ဈေးနှုန်းအရ အခြေခံနှစ်အပေါ် (၁.၂၄)ဆ ဖြစ်ပေါ်ရန်နှင့် (၁၀.၈%) တိုးတက်ရေး ဆောင်ရွက်ရန်၊

(ဂဂ) ပဥ္စမကာလကို ငါးနှစ်စီမံကိန်း၏ တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပျားထွက်ပစ္စည်း ထုတ်လုပ်မှုကို တစ်နှစ်(၈.၇%) တိုးတက်အောင် ဆောင်ရွက်ရန်၊

(ဃဃ) ပဥ္စမကာလကို ငါးနှစ်စီမံကိန်း၏ တတိယနှစ် ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ငါးပုဇွန်ထုတ်လုပ်မှုကို (၈.၇%) တိုးတက်ရရှိစေရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရန်ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

(ခ ခ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချပြီး အရည်အသွေးကောင်းမွန်သော ထွက်ကုန်များကို သွင်းကုန် အစားထိုးရေးနှင့် ပြည်ပဈေးကွက် ရရှိရေး ဆောင်ရွက်ရန်၊

(ဂ ဂ) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးနှင့် မွေးမြူထုတ်လုပ်မှု တိုးတက်စေရေးအတွက် ထိရောက်စွာ ကြီးကြပ် ဆောင်ရွက်ရန်၊

(ဃဃ) ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး၊ ပြည်တွင်းပြည်ပဈေးကွက် ပိုမိုတိုးချဲ့ ဆောင်ရွက်ရန်၊

(င င) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုဇွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက်ရန်၊

(စ စ) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သံယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း (Closed Area & Closed Season) ငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများ ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဆဆ) ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် သားငါးဆိုင်ရာ ခေတ်မီနည်းပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ် (Integrated Farming System) ပေါ်ထွက်လာစေရေး ကူညီဆောင်ရွက်ရန်၊

(ဇ ဇ) သုတေသန ဓါတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီစက်ပစ္စည်း ကိရိယာ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ခြင်း၊ နိုင်ငံတကာအကူအညီ ညှိနှိုင်းရယူခြင်းများကို ဆောင်ရွက်ရန်၊

(ဈဈ) ငါး၊ ပုဇွန်၊ ပုဇွန်ကျား၊ နွား၊ ဝက်စသည့်ဖြင့် လိုအပ်သော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို ဒေသအလိုက် လိုအပ်ချက်နှင့်အညီ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ရေ၊ မြေသဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ်ရေး၊

(ခခ) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

(ဂဂ) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊

(ဃဃ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(ငင) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပြည်သူလူထုမှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ်လျက်ရှိသော သစ်များကို ဖြည့်ဆည်းရောင်းချပေးနိုင်ရေး၊

(စစ) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(ဆဆ) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊

(ဇဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး၊

(၂) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်၊

(၃) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) သဘာဝတောများထိန်းသိမ်းကာကွယ်ရန်၊

(ခခ) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများကို သစ်တောကဏ္ဍ ပင်မစီမံကိန်းပါ ရည်မှန်းချက်များနှင့်အညီ တိုးချဲ့ ဖွဲ့စည်း သတ်မှတ်ရန်၊

(ဂဂ) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေး နိုင်ရေးအတွက် စီးပွားရေးသစ်တော စိုက်ခင်းများ တည်ထောင်ရန်၊

(ဃဃ) ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက် ဖြစ်သော သစ်တောထွက်ပစ္စည်းဖြည့်ဆည်းပေး နိုင်ရေးအတွက် သစ်တောစိုက်ခင်းများ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ရန်၊

(ငင) မြေအခြေအနေပေးသော ကျေးရွာများ၊ မြို့များတွင် ထင်းစိုက်ခင်းများကိုစီမံချက်ဖြင့် ပြည်သူလူထုကို စည်းရုံးစိုက်ပျိုးရန်၊

(စစ) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်း တာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေ ရေလဲစိုက်ခင်းများ တည်ထောင်ရန်၊

(ဆဆ) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေး အတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်၊

(ဇဇ) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဈဈ) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးနှင့် ထင်းအစား အခြားလောင်စာ သုံးစွဲရေးကို ဦးတည်လျက်စွမ်းအားမြင့် မီးဖိုများ၊ စွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးအတွက် ထိထိရောက်ရောက် စည်းရုံးဆောင်ရွက်ရန်၊

(ညည) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စီစစ် ထုတ်လုပ်ရန်၊

(ဃဃ) ရောင်းတမ်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်း သစ်မျိုးများကို တွဲဖက်ထုတ်လုပ်ရန်၊

(ငင) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝ ပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာ ဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာ စေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာ ဆောင်ရွက်ရန်၊

၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စွမ်းအင်

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) စွမ်းအင် အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းကို ပြည်တွင်းသုံးစွဲမှု ဖူလုံရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေး တို့အတွက် တိုးချဲ့ရှာဖွေ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(ခခ) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသတွင်း အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်များမှာ ရေနံစိမ်းထုတ်လုပ်မှုကို နှစ်စဉ်စီမံကိန်း ရည်မှန်းချက်နှင့်အညီ ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) ရေနံစိမ်းတိုးချဲ့ရှာဖွေ ထုတ်လုပ်ရေးကို ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်ရန်၊

(ခခ) ရေနံတွင်းသစ်များကို တိုးချဲ့ရှာဖွေသည်နည်းတူ ရေနံတွင်းဟောင်းများကိုထုတ်လုပ်မှု လျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဂဂ) ရေနံစိမ်း ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ရန်၊

၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သတ္တုတွင်း

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) တိုင်းဒေသကြီး ခတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ရှေ့ရှုဆောင်ရွက်ရေး၊

(ခခ) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင်ခတ်သတ္တု ထုတ်လုပ်သူများထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(ဂဂ) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ခတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများ ရရှိရန်ကြိုးပမ်းရေး၊

(ဃဃ) ခတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ခတ်သတ္တုများကို ပြည်တွင်း၌ပိုမိုထုတ်လုပ်အစားထိုးရေး၊

(ငင) ခတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့်ပတ်ဝန်းကျင် ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) ဝန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်အောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ခတ်သတ္တုသိုက်များ တိုးတက် ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(ခခ) နိုင်ငံတော်၏ စီးပွားရေးရည်မှန်းနှင့်အညီ ခတ်သတ္တုကဏ္ဍနှင့် ရေရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(ဂဂ) ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်ခတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ခတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သောအဆင့်မြင့်နည်းပညာများပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီ

ပစ္စည်းများ ပွံ့ပိုးခြင်းစသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရန်၊

(ဃဃ) မြန်မာနိုင်ငံအတွင်း၌ပင် ဈေးကွက်ဖြစ်ထွန်း ပေါ်ပေါက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေး နည်းလမ်းများရှာဖွေ ဆောင်ရွက်ရန်၊

(ငင) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက် ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရန်၊

(ခခ) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများတိုးချဲ့ ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်ရန်၊

(ဂဂ) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက် ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရေး စီမံ ဆောင်ရွက်ရန်၊

(ဃဃ) အကျိုးတူလုပ်ကိုင်သော ဖက်စပ် သတ္တုတွင်းများအား သတ္တုတွင်းဥပဒေ၊ နည်းပညာများနှင့်အညီ ကြီးကြပ် ဆောင်ရွက်ရန်၊

(ငင) ခွင့်ပြုမိန့်ချထားပေးသော ပုဂ္ဂလိက လုပ်ငန်းရှင်များအား နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ရန်၊

၁၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စက်မှုလက်မှုကဏ္ဍ

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော် အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ၊ တန်ဖိုးမြှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှု လုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(ခခ) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်စေပြီး အကြီးစားစက်မှု လုပ်ငန်းများအား ဆက်လက် ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပ ပို့ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(ဂဂ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊

(ဃဃ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရေး၊

(ငင) တိုင်းဒေသကြီးအတွင်းရှိ သယံဇာတ ကုန်ကြမ်း ပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြု ရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံ ကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့် ဆောင်ရွက်ရေး၊

(စစ) တိုင်းဒေသကြီး၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသည့် အစိမ်းရောင် စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊

(ခခ) တိုင်းဒေသကြီးအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ

ပေါ်ထွန်းလုပ်ကိုင်ခွင့် ရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ၎င်းမှတဆင့်လိုအပ်မည့် အကြီးစားစက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) စက်မှုလုပ်ငန်းများမှာ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊

(ခခ) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ရပ်တည်ရှင်သန်နိုင်ရန်နှင့် လုပ်ငန်းအောင်မြင်တိုးတက်စေရန် လျှောက်လှမ်းရမည့် လမ်းကြောင်းတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ထပ်ဆင့်အခွန်စည်းကြပ်ခြင်းများကို လျှော့ချ၍ အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်များ စီစဉ်ပေးရန်၊

(ဂဂ) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုံများရှိစက်ရုံ၊အလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

(ဃဃ) ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများအဖြစ် ပျိုးထောင်ပေးရန်၊ နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများ ဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန်၊

(ငင) ပြည်တွင်းသယံဇာတများ အခြေခံသည့် ကုန်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(စစ) ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဒေသများတွင် အခြေခံစက်မှုလုပ်ငန်းများအပါအဝင် အခြားစက်မှု လုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရေးအတွက် ဒေသန္တရ စက်မှုလုပ်ငန်းများကို အားပေးတည်ထောင်ပေးရန်၊

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှပ်စစ်ဓာတ်အား

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရရှိနိုင်သမျှ စွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊

(ခခ) တိုင်းဒေသကြီးတွင် အနာဂတ်စွမ်းအင် လုံလောက်မှုရှိပြီး အရင်စွမ်းအင်ထားရှိစေရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး၊

(ဂဂ) အရည်အသွေးကောင်းမွန်သော လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ဦးတည်ဆောင်ရွက်ရေး၊

(ဃဃ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းများကို တိုးတက်လာသော ခေတ်မီနည်းစနစ်များနှင့်အညီ ဆောင်ရွက်သွားရေး၊

(ငင) လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှု လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး နည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊

(စစ) တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားပို့လွှတ်၊ ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကတို့က ကဏ္ဍအလိုက် ပါဝင်လာစေရန် ဆောင်ရွက်ပေးရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းအတွင်း ဓာတ်အားစနစ်မှ လက်ခံရရှိသော မြို့နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်ပဓာတ်အားခွဲရုံများအား တည်ဆောက်ရန်၊ သုံးစွဲမည့်စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သားပြည်သူများအား ဖြန့်ဖြူးနိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက် ဆောင်ရွက်ရန်၊

(ခခ) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်၊

(ဂဂ) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊

(ဃဃ) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ငင) လျှပ်စစ်မီးရရှိသည့်ကျေးရွာများ အရေအတွက် ပိုမိုလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေး အတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဓာတ်အားဖြန့်ဖြူးရေး လိုင်းများနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့အကောင်အထည်ဖော် တည်ဆောက်ရန်၊

(ခခ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်တွင် ဓာတ်အား ပျောက်ဆုံးမှု လျော့ချနိုင်ရေးအတွက် နည်းလမ်းကောင်းတစ်ခုဖြစ်သော ခေတ်မီနည်းပညာသုံး မီတာဖတ်စနစ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂဂ) အရည်အသွေးကောင်းမွန်ပြီး ဓာတ်အားပျောက်ဆုံးမှု နည်းသော ထရန်စဖော်မာများ၊ အရည်အသွေး ကောင်းမွန်သော ဓာတ်အားလိုင်း ကြိုးများနှင့် ကြွေသီးများကိုလဲလှယ်၍ တပ်ဆင်သုံးစွဲခြင်းဖြင့် ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေး တို့တွင် ဓာတ်အားပျောက်ဆုံးမှု လျော့ကျရန် ဆက်လက်ဆောင်ရွက်ရန်၊

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆောက်လုပ်ရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီတိုင်းဒေသကြီးအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊

(ခခ) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်းအကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းတံတားအဖြစ် တည်ဆောက်ရေး၊

(ဂဂ) ပြည်သူလူထုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ဖောက်လုပ်ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ်ဖြင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်း ပံ့ပိုးခြင်း၊ အတတ်ပညာပိုင် အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ပေးသွားရေး၊

(ဃဃ) ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရည်မှန်းချက်ကို အထောက်အကူပြုနိုင်စေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး၊ ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန်၊ လမ်းတံတားများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး၊

(ငင) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်(၈)ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေး မူဝါဒနှင့် မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(စစ) လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘေးကင်းလုံခြုံ စိတ်ချရသောအိမ်ယာများ အဓိကထားဆောင်ရွက်ရေး၊

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) နိုင်ငံတကာဆက်သွယ်မှုလမ်း(၄)လမ်းကို (၂၄)ပေ အကျယ် ကတ္တရာလမ်းအဆင့် ရောက်ရှိရန်၊

(ခခ) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ (၁၁) လမ်း၊ လမ်းသစ်(၃)လမ်းတို့ကို (၁၂)ပေအကျယ် ကတ္တရာ လမ်းအဆင့်ရောက်ရှိရန်၊

(ဂဂ) ၄င်းလမ်းမကြီးများပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း (၇၉)စင်းကို နှစ်လမ်းသွား (၂၄)ပေအကျယ် သံကူ ကွန်ကရစ် တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်၊

(ဃဃ) ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အိမ်ယာ စီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ ရေးဆွဲရန်၊

(ငင) မြို့များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ယာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် လုပ်ထုံး လုပ်နည်းများကို နိုင်ငံတကာအဆင့်မီ ပြဋ္ဌာန်း နိုင်ရေး ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) (၁၂)ပေအကျယ်ကတ္တရာလမ်းမှ (၂၄)ပေအကျယ် ကတ္တရာလမ်းအဆင့် (၂ မိုင်)အဆင့် အဆင့် တိုးမြှင့် ဖောက်လုပ်ရန်၊ (ကလေးဝ-ကျီကုန်း-တမူးလမ်း)

(ခခ) မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့် (၇၈ မိုင် ၅. ၅ ဖာလုံ) အဆင့် ဆင့်တိုးမြှင့် ဖောက်လုပ်ရန်၊

(ဂဂ) နိုင်ငံတော်ဆက်သွယ်မှု လမ်းပေါ်ရှိ တံတား (၂၁)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများပေါ်ရှိ တံတား(၄၈)စင်း၊ ဆောင်ရွက်ဆဲ လမ်းသစ်များပေါ်ရှိ တံတား(၁၀)စင်း၊ စုစုပေါင်း(၇၉)စင်းအား (၂၄)ပေ အကျယ် သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ရန်၊

(ဃဃ) တိုင်းဒေသကြီး၏ မြို့ကြီးတွင် ဝန်ထမ်းများအတွက် အငှားချအိမ်ယာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

၁၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပို့ဆောင်ရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့်ကုန်စည် စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ရေယာဉ်များ အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးဖြည့်တင်းဆောင်ရွက်ရေး၊

(ခခ) ဒေသအတွင်းရှိ ဆိပ်ကမ်းအသီးသီး၏ ကုန်တင် ကုန်ချလုပ်ငန်းများ လျင်မြန်သွက်လက်စေရေး၊

(၂) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ရေကြောင်းကဏ္ဍဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖြစ်စေရေး၊ စိစစ်ကြီးကြပ်ခြင်း၊ ရေကြောင်းသွားလာမှု အတတ်ပညာများ ပိုမိုတိုးတက်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် ကောင်းမွန်ရေးနှင့် ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခခ) မြစ်ချောင်းများ၏ ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများ၊ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ၊ စီမံကိန်းဝင် မြစ်ကူး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြစ်ရေတင် စက်များ ရေရရှိရေး ဆောင်ရွက်ရန်၊

(ဂဂ) မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အခြေခံတိုင်းထွာရေး စခန်းများ၊ မုန်တိုင်းပြရေဒါစခန်း၊ ဂြိုလ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ရေး ဆောင်ရွက် ရန်၊

(ဃဃ) ပြည်တွင်းရေကြောင်းယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်များတစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့် ကုန်ပစ္စည်းများ ပို့ဆောင်ရေးအတွက် ကွန်ယက် စနစ် တည်ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူ

ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်၊

(ခ) ရထားပို့ဆောင်ရေး

(၁) မူဝါဒမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့၌ တိုးတက်အောင်ဆောင်ရွက်သွားရေးဖြစ်သည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ကက) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရန်၊

(ခခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရန်၊

(ဂဂ) မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးဆိုင်ရာများ လုပ်ကိုင်ရာတွင် စနစ်တကျဖြစ်စေရန်၊

(ဃဃ) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲ တိုးတက်နေစေရန် လေ့ကျင့်ဆောင်ရွက်ရန်၊

(ငင) မြန်မာ့မီးရထားစီးနင်းခနှင့် ကုန်စည်တန်ဆာခနှုန်းများကို တိုးမြှင့်ကောက်ခံမှုအပေါ် ပြည်သူမှယုံကြည်အားကိုးမှု အပြည့်အဝရရှိစေရန်၊ အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ကက) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ် ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များဖြည့်တင်းဆောင်ရွက်ရန်၊

(ခခ) ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းအားဆောင်ရွက်ရန်၊

(ဂဂ) တည်ဆောက်ပြီး၊ ကွန်ကရစ်ဇလီဖားစက်ရုံ(၁)ရုံမှ ကွန်ကရစ်ဇလီဖားများထုတ်လုပ်ပြီး ရထားလမ်းပိုင်းများ ထိန်းသိမ်းထားနိုင်ရေး လဲလှယ်ရန်၊

၁၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) လက်ရှိကျင့်သုံးနေသော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆိုင်ရာ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲခြင်း အတည်ပြုခြင်းများ ဆောင်ရွက်ရေး၊

(ခခ) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆက်သွယ်ရေး ကဏ္ဍ တည်ဆောက်မှုလုပ်ငန်းများကို ပြည်တွင်း/ ပြည်ပကုမ္ပဏီများအား အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းမှု (Public Private Partnership- PPP) ပုံစံဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက ကဏ္ဍဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပါဝင်ရေး၊

(ဂဂ) မိုဘိုင်းတယ်လီဖုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်သူများသို့ အဆင့်အဆင့် ဈေးနှုန်းလျော့နည်း တပ်ဆင်ပေးနိုင်ရန်နှင့် ကျေးလက်နေ ပြည်သူများအထိ မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲနိုင်ရန် ဆောင်ရွက်ရေး၊

(ဃဃ) ပြည်တွင်း/ပြည်ပ စာပို့တိုက်လုပ်ငန်းများကို သတင်းအချက်အလက် နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်း ကိရိယာများကို အသုံးပြု၍ ပြည်တွင်းစာပို့တိုက် လုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း၍လည်းကောင်း၊ အစိုးရ/ ပုဂ္ဂလိက ဖက်စပ်ကုမ္ပဏီ ထူထောင်၍လည်းကောင်း ဝန်ဆောင်မှုအရည်အသွေးကို တိုးမြှင့်ရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ကက) ၂၀၁၃-၂၀၁၄ ခုနှစ်၊ မြို့ပြတွင်သာမက ကျေးလက်

ဒေသအထိ တယ်လီဖုန်းတိုးချဲ့ တပ်ဆင်သွားမည် ဖြစ်ပြီး အင်တာနက်ထိုးဖောက်သုံးစွဲမှုကို တိုးတက် သုံးစွဲနိုင်ရေး ဆောင်ရွက်ရန်၊

(ခခ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် အင်တာနက်ဝန်ဆောင်မှုကို ပြည်သူများ စိတ်ကြိုက် ရွေးချယ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) Online Charging System (OCS) စနစ် တပ်ဆင်ခြင်း ကို ဆောင်ရွက်ရန်၊

(ခခ) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ တယ်လီ ဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် အပြည် ပြည်ဆိုင်ရာ အိတ်ချိန်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်ရန်၊

(ဂဂ) အင်တာနက်သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPV4 စနစ်အား IPV6 စနစ်သို့ ပြောင်းလဲသုံးစွဲ နိုင်ရေး ဆောင်ရွက်ရန်၊

(ဃဃ) ပြည်နယ်နှင့်တိုင်းဒေသကြီး၊ မြို့နယ်အရ Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်မည့်အပြင် အရန်ဆက်ကြောင်းအဖြစ် GBE Micro ဆက်ကြောင်းများ တည်ဆောက်ရန်၊

(ငင) ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ E-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်ရန်၊

၁၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက် သွားရေး၊

(ခခ) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင် နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂဂ) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဃဃ) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ငင) လုံခြုံရေးသတင်းကွန်ယက် တိုးချဲ့ဆောင်ရွက်ရန်၊

(စစ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် အဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ အသေးစားငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို စနစ်တကျ ဖွဲ့စည်းကြပ်မတ် ဆောင်ရွက်ရန်၊

၁၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပညာရေး

(၁) အခြေခံပညာ

(ကက) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးရေး၊
- မသင်မနေရ မူလတန်း ပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ရေး၊
- တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊
- တစ်သက်တာလေ့လာသင်ယူသော ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်းပေါ်ထွန်းရေး၊
- ကျွမ်းကျင်သော အသိပညာရှင်၊ အတက်ပညာရှင်၊ နည်းပညာများပေါ်ထွန်းရေး၊
- ဒီမိုကရေစီစနစ် ပြဋ္ဌာန်းထွန်းကားရေး

(ခခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတက်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြတ်ရေးအတွက် အခြေခံကောင်းများ ရရှိလာစေရန်နှင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုများ တိုးတက်ဖြစ်ထွန်းလာ

- လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာအခြေခံများ သင်ကြားပေးရန်၊
- တက္ကသိုလ်ပညာကို ဆက်လက်သင်ယူနိုင်ရေး အတွက် ခိုင်မြဲသော ပညာအခြေခံ တည်ဆောက်ပေးရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- မသင်မနေရ မူလတန်းပညာရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းနေမြဲရေး လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ရန်၊
- အခြေခံပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရန်၊
- အခြေခံပညာ မူလတန်းအဆင့်တွင် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းဖြင့် ထိရောက်စွာအသုံးပြုသင်ကြားရန်၊
- ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအရ လွှမ်းခြုံမှုရှိစေရန်၊
- ဘက်စုံပညာထူးချွန်သူများ ရွေးချယ်ချီးမြှင့်ရေး၊ ကင်းထောက်အဖွဲ့နှင့် ကြက်ခြေနီအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်၊
- ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ကိုယ်ပိုင်ကျောင်းများ ပေါ်ထွန်းလာရန်၊
- ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ဖွံ့ဖြိုးတိုးတက်စေရန်၊
- အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေသည့် ပညာရည် စစ်ဆေးတိုင်းတာမှုစနစ်ပေါ်ထွန်းစေရန်၊

- သင်ကြားမှု အရည်အသွေးမြင့်မားရေးနှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်း ဆရာအတတ်ပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်၊
- ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ရန်၊
- အခြေခံပညာကျောင်းများတွင် အရည်အသွေးမီ သင်ကြားသင်ယူမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရန်၊

(ခ) ကျန်းမာရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊

(ခခ) ကျေးလက်ဒေသကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊

(ဂဂ) ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပြည့်မီရေး၊

(ဃဃ) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်စွာ ဖြစ်ပေါ်လာစေရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှရရှိခံစားနိုင်စေရန်၊

(ခခ) တည်ဆဲကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးရေး၊ ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ရေးနှင့် လိုအပ်သော မူဝါဒနှင့် ဥပဒေသစ်များ ရေးဆွဲနိုင်ရေးအတွက် အမြဲမပြတ် လေ့လာသုံးသပ် အကြံပြုဆောင်ရွက်ရန်၊

(ဂဂ) ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစီမံခန့်ခွဲမှုနှင့် စီမံကိန်းများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေရေးအတွက် တိကျမှန်ကန်သော သတင်းစနစ်ကို အားဖြည့်ဆောင်ရွက်ရန်၊

(ဃဃ) မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များ ဘဝသက်တမ်း တစ်လျှောက် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရန်၊

(ငင) အခြေခံအဓိကဆေးဝါးများ၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာရရှိစေရေး ဆောင်ရွက်ရန်၊

(စစ) အစားအသောက်၊ဆေးဝါး၊အလှကုန်နှင့် လူသုံးကုန် ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရေး၊ လုပ်ငန်းခွင့် ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ပြည်သူ့ ကျန်းမာရေး ဓာတ်ခွဲခန်းလုပ်ငန်းများ တိုးချဲ့ရေးကို ဆောင်ရွက်ရန်၊

(ဆဆ) ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြှင့်တင်ရာတွင် ကျန်းမာရေးနှင့် နှီးနွယ်ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊

(ဇဇ) နိုင်ငံတကာ ကျန်းမာရေး၊ လုပ်ငန်းစဉ်များကို အချိန်နှင့် တပြေးညီ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ပြည်သူလူထု၏ လိုအပ်ချက်အပေါ် အခြေခံ၍ ကဏ္ဍနှင့် ဒေသအလိုက် ကျန်းမာရေးစီမံကိန်း၊ စီမံချက်များ ညှိနှိုင်းရေးဆွဲ ဆောင်ရွက်ရန်၊

(ခခ) ကျေးလက်/နယ်စပ်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသ များတွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေး ရေးနှင့် လွှမ်းခြုံမှုမြှင့်တင်ရန်၊

(ဂဂ) မိခင်၊မွေးကင်းစနှင့် ကလေးဘဝ ကာလများအပါအဝင် ဘဝသက်တမ်းတစ်လျှောက် ရောဂါဖြစ်ပွားမှု၊ မသန်စွမ်း မှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေရန်၊

(ဃဃ) အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ရေးနှင့် အစွမ်းထက်သော တိုင်းရင်းဆေးများ ဖော်ထုတ်အသုံးပြုရန်၊

(ငင) ဝင်ငွေနည်းပြည်သူလူထုအတွက် ပြည်သူလူထု အခြေ ပြုလူမှုကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရေး၊ ကျန်းမာရေးဖောင်ဒေးရှင်းများနှင့် အခြားသင့်လျော် သည့် အစီအစဉ်များ ဖြစ်ပေါ်လာစေရန် ကူညီ ဆောင်ရွက်ရန်၊

(စစ) ကျန်းမာရေးနှင့် နှီးနွယ်ဆက်စပ်နေသည့်ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဆဆ) ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန် ပြည်တွင်းပြည်ပ အကူအညီများအား စနစ်တကျ အသုံးချရန်၊

(ဇဇ) ကျန်းမာရေးစွမ်းအားစုများအား အကျိုးရှိစွာ အသုံးချရန်၊

၁၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငှားရမ်းခ၊ အခြား ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်။

၁၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး၊ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ခခ) ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းမှ ထုတ်လုပ်သောထုတ်ကုန်အမျိုးမျိုး တိုးမြှင့်တင်ပို့ရေး၊

(ဂဂ) ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရေးအတွက် ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိပေးရေး၊

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) နိုင်ငံတွင်းကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက် အဆင်ပြေချောမွေ့စွာ ကူးသန်းရောင်းဝယ်ရန် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းစားသုံးမှု ပိုလျှံသည်များကို နိုင်ငံခြားဝင်ငွေ တိုးတက်စေရန် ပြည်ပသို့ တင်ပို့

ရောင်းချခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အထောက်အကူပြုစေနိုင်မည့် ပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်း စသည်တို့ကို ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေပေါ်ပေါက်လာရေး၊ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးတွင် စားသုံးသူကာကွယ်ရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊ စားသုံးသူ ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ရေး၊ စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက် ရန်၊

(ခခ) ပြည်တွင်းပြည်ပ ဈေးကွက် သတင်းအချက် အလက်များ၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်း ကုန်သွယ်မှု စာရင်းဇယားကိန်းဂဏန်းများ တိကျ မှန်ကန်စွာ ရရှိနိုင်ရေးအတွက် ခေတ်မီသတင်း အချက်အလက်နည်းပညာများ သုံးစွဲ၍ သတင်း ကွန်ယက်စနစ်တစ်ရပ် ချိန်ဆက် တည်ဆောက်နိုင် ရေးအတွက် သက်ဆိုင်ရာ ဌာနများ၊ အသင်းအဖွဲ့များ ပါဝင်သော လုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်း ဆောင် ရွက်ရန်၊

(ဂဂ) ပို့ကုန်အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍတွင် စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ် လုပ်ငန်းများ၊ ပဲခွဲစက်များ၊ ဆီစက်များ၊ တည်ထောင် နိုင်ရေး နည်းပညာနှင့် အရင်းအနှီးများ ရရှိရေး အတွက် ကူညီချိတ်ဆက် ပညာပေးဆောင်ရွက်ရန်၊

(ဃဃ) ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ အခြေခံနှင့် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးအတွက် ဝန်ကြီးဌာန (ရုံးချုပ်) သို့ ချိန်ဆက်၍ သင်ရိုးညွှန်းတမ်းများနှင့် သင်တန်း အစီအစဉ်များအား ရေးဆွဲရေး ဆောင်ရွက်ရန်၊

(ငင) ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် ခေတ်မီဖွံ့ဖြိုး

တိုးတက်စေရေးအတွက် တိုင်းအတွင်းကုန်စည်ဈေးကွက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အချက်အချာကျသော မြို့များ၌ ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ရန်၊

(စစ) အဓိကပို့ကုန်များဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများနှင့် အလားအလာကောင်းသော ပို့ကုန်များ ပိုမိုထုတ်လုပ် တင်ပို့နိုင်ရေးအတွက် အသင်းအဖွဲ့များ၊ အများပိုင် ကုမ္ပဏီများ၊ အထူးပြု ကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆဆ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးအစီအစဉ်များ၊ ဈေးကွက်ချိတ်ဆက်ပေးမှု အစီအစဉ်များ၊ နည်းပညာနှင့် ငွေအရင်းအနှီးရရှိရေး အစီအစဉ်များအား လေ့လာ၍ သက်ဆိုင်ရာသို့ တင်ပြချိတ်ဆက်ဆောင်ရွက်ရန်၊

(ဇဇ) ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ၊ အခြားသော သက်ဆိုင်ရာ တိုင်းဒေသကြီး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈဈ) ဈေးကွက်သတင်းအချက်အလက်များ၊ ပို့ကုန်သွင်းကုန်နှင့် ပြည်တွင်းကုန်သွယ်မှု စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေး၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်ရန်၊

(ညည) နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ ကျယ်ပြန့်စွာနှင့် လွယ်ကူစွာ ပါဝင်လုပ်ကိုင်နိုင်ခွင့်ရှိရေး၊ တရားမဝင် ကုန်သွယ်မှုလျော့နည်းကျဆင်းရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းအား တစ်ဦးတည်းပိုင် လုပ်ငန်းများ မှတ်ပုံတင်စေ၍ နယ်စပ်ကုန်သွယ်မှု လုပ်ကိုင်ခွင့် ရရှိအောင်ဆောင်ရွက်ရန်၊

(ရရ) ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်ဒေသ၊ စက်မှုလက်မှုလုပ်ငန်းငယ်များ ဖွံ့ဖြိုးလာရေး ကူညီ အားပေးဆောင်ရွက်ရန်၊

## အခန်း(၄)
## အထွေထွေ

၁၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန် ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့